# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 17, 2019 Volume 24, Number 10


**၁၇.၁၀.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၁/- ကျပ် |
| CBM Rate | = ၁၅၃၃.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၁.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၁.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၂.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၃.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၅၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၅၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၃၁ နှစ်အတွင်း မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၁ ဘီလျံ နီးပါးဝင်ရောက်ထားပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အဆင့် (၄) နေရာတွင် ရပ်တည်နေ



နှစ်ပေါင်း ၃၁ နှစ်အတွင်း မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၁၁ ဘီလျံနီးပါး ဝင်ရောက်ထားပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အဆင့်လေးနေရာတွင် ရပ်တည်နေ ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန DICA မှ ထုတ်ပြန်ထား သည့် စာရင်းများအရသိရသည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၀၈ ဘီလျံ တန်ဖိုးရှိ လုပ်ငန်းပေါင်း ၆၀ အထိ လာရောက်ရင်းနှီးမြှုပ်နှံထားသည်။ အဆိုပါ ပမာဏသည် မြန်မာနိုင်ငံအတွင်း စုစုပေါင်းလာရောက်ရင်းနှီးမြှုပ်နှံထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ၁၃ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည်။

အဆိုပါကာလအတွင်း မြန်မာနိုင်ငံအတွင်းသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ အိမ်ခြံမြေကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဓိကဝင်ရောက်ထားသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၂ ဘီလျံကျော်ရှိပြီး စုစုပေါင်းပမာဏ၏ ၂၇ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်မှုပမာဏ ဒေါ်လာ ၂၁ ဘီလျံကျော်ရှိပြီး စုစုပေါင်းပမာဏ၏ ၂၅ ရာ ခိုင်နှုန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီီးမြှုပ်နှံမှုပမာဏ ၁၁ ဘီလျံကျော်ရှိပြီး စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းကျော်ဖြင့် တတိယအများဆုံးဖြစ်သည်။ သယ်ယူပို့ဆောင်ရေးနှင့်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

ဆက်သွယ်ရေးကဏ္ဍသည် စတုတ္ထအများဆုံးဖြစ်သည်။ နှစ်ပေါင်း ၃၁ နှစ်အတွင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၇၃၆ ဘီလျံ အထိရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ မီးရထားလမ်းနှင့် အဝေးပြေးလမ်းမများ၏ ရာခိုင်နှုန်း ၆၀ သည် အရည်သွေးနိမ့်ကျနေပြီး ဒေါ်လာဘီလျံ ၆၀ ခန့်အထိ အကုန်ကျခံကာ ရင်းနှီးမြှုပ်နှံကာ ပြုပြင်မှသာ လက်ရှိသယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်၏ ရာခိုင်နှုန်း ၃၀ ခန့်အထိ ကျဆင်းသွားမည်ဖြစ်ကြောင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလက ပြုလုပ်သည့် Myanmar – Korea Investment Promotion Seminar အခမ်းအနားမှသိရသည်။ ယင်းကဲ့သို့ ပို့ဆောင်ဆက်သွယ်ရေး လမ်းပိုင်းဆိုင်ရာများကို ရင်းနှီးမြှုပ်မှုများ ဝင်ရောက် မီးရထားလမ်းများနှင့် အဝေးပြေးလမ်းမကြီးများ ရာနှုန်းပြည့်ကောင်းမွန်လာပါက လက်ရှိသယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်ကို ရာခိုင်နှုန်း ၃၀ ခန့်အထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တွက်ချက်မှုမှာလည်း ၁၃ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/140497

## ထိုင်းနိုင်ငံအစိုးရဌာနများအနေဖြင့် ၂၀၂၀ ခုနှစ်တွင် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း

ထိုင်းနိုင်ငံအစိုးရအနေဖြင့် အစိုးရဌာနများအားလုံးကို (၃)နှစ်အတွင်း ဒီဂျစ်တယ် စနစ်အပြည့်အဝဖြစ်ပေါ်လာစေရေး ပြောင်းလဲဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။ ဒုတိယဝန်ကြီးချုပ်ဆုန်ကစ်က အစိုးရဌာနအားလုံးအား ဒီဂျစ်တယ်စနစ် အပြည့်အဝဖြစ်လာစေရန်အတွက် ဒီဂျစ်တယ်အစိုးရဖွံ့ဖြိုးတိုးတက်မှုလမ်းပြမြေပုံ Digital Government development Roadmap (၂၀၂၀-၂၀၂၂)အတွက် Time Frame ကို ယမန်နေ့ကထုတ်ပြန်ကြေငြာခဲ့ပါသည်။ အဆိုပါလမ်းပြမြေပုံအား တရားဝင်ဖြစ်စေရန် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်းသိရှိရပါသည်။ Mr.Somkid က ၎င်းအနေဖြင့် ဒီဂျစ်တယ်အစိုးရ ဖွံ့ဖြိုးတိုးတက်ရေးဌာန Digital Government development Agency (DGA) အား နောက်လတွင် လမ်းပြမြေပုံအား ပြီးစီးစေရန် အမိန့်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ကြောင်းပြောကြားခဲ့ပါသည်။ ရှင်းလင်းပြတ်သားသော လမ်းပြမြေပုံနှင့်အတူ အစိုးရဌာနများအနေဖြင့် ၎င်းတို့၏ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ DGA အား ၂၀၁၈ ခုနှစ်တွင် ဒီဂျစ်တယ်အစိုးရအဖြစ် အသွင်းကူးပြောင်းနိုင်ရေးအတွက် အစိုးရဌာနဆိုင်ရာအားလုံးတို့အား ကူညီပေးရန်နှင့် ဝန်ဆောင်မှုများပေးအပ်နိုင်ရန် ဝန်ကြီးချုပ်ရုံးလက်အောက်၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ အစိုးရဌာနများအနေဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အများပြည်သူတို့အား အစိုးရဌာနအသီးသီး၏ ဝန်ဆောင်မှုများကို ရရှိနိုင်စေရေး အကူအညီပေးရန်အတွက် သတင်းအချက်အလက်ဗဟိုအဖြစ် ကူညီဆောင်ရွက်ပေးရန် www.e –gov.th ဒီဂျစ်တယ်ပေါ်တယ်အား စတင်မိတ်ဆက်လွှင့်တင် ပေးခဲ့ကြောင်း၊ ယခုနှစ် အစောပိုင်းတွင် နိုင်ငံသားများအား တစ်နိုင်ငံလုံးရှိ အစိုးရဌာနများ၏တည်နေရာ Locations ပေါင်း (၈၀၀၀) ကျော်ကို ရှာဖွေနိုင်ရေးနှင့် ပြည်သူများအနေဖြင့် အစိုးရဌာနများနှင့် မတွေ့ဆုံမီ လိုအပ်သောအချက်အလက်များအတွက် ဝန်ဆောင်မှုပေးသည့် Citizen info Application အား မိတ်ဆက်ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် တိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ Mr.Somkid က အဆိုပါ e-gov.th digital portal အား အဆင့်မြှင့်တင်ဆောင်ရွက်ရန် ယမန်နေ့က အမိန့်ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနတို့အား e-commerce Single Window အဖြစ် ပူးပေါင်းဖွဲ့စည်း ဆောင်ရွက်ကြရန်နှင့် အထူးသဖြင့် အလွန်သေးငယ်သော စီးပွားရေးလုပ်ငန်းများ very small Business entrepreneurs (သို့မဟုတ်) စီးပွားရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများ Community Business များအတွက်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ DGA ၏ ဥက္ကဋ္ဌနှင့် Chief Executive ဖြစ်သူ Sak Segkhoonthod က ဇွန်လတွင် အေဂျင်စီအနေဖြင့် အစိုးရဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လိုင်စင်ဆိုင်ရာ လုပ်ငန်းများအားလုံးတို့အား One-Stop-Service Plat form အဖြစ်ပေါင်းစည်းနိုင်ရေး ဆောင်ရွက်လျှက်ရှိကြောင်း ပြောကြားခဲ့ပါသည်။ Digital ID ပရိုဂရမ်ဖြင့် နိုင်ငံသားများအနေနှင့် ၎င်းတို့၏ Data အချက်အလက်များနှင့် မွေးစာရင်းကဲ့သို့သော သတင်းအချက်အလက်ဆိုင်ရာ မိတ္တူများအား Self- Service-Portal မှ တဆင့် ရရှိနိုင်မည်ဖြစ်ပါသည်။ (၅)နှစ်အတွင်း နိုင်ငံသားများ အတွက် အနည်းဆုံး ဝန်ဆောင်မှုလုပ်ငန်း (၁၂၀)နှင့် စီးပွားရေးနှင့်ဆိုင်သော လိုင်စင်ပေါင်း (၃၀၀)ခန့်ကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ Mr.Somkid က ဒီဂျစ်တယ် အစိုးရအက်ဥပဒေ Digital Government Act အား မေလက အတည်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်ပြီး ဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်စေခြင်းတို့ဖြင့် Digital Government စနစ်အား အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အက်ဥပဒေ

အရ အစိုးရဌာနပေါင်း (၁၀၀၀၀၀)၊ အစိုးရ ဆေးရုံများ၊ ကျောင်းများနှင့် ခရိုင်အုပ်ချုပ်ရေးရုံးခွဲများအားလုံး ဥပဒေကို လိုက်နာ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အဓိကမှာအစိုးရဌာနတစ်ခုခြင်းအနေဖြင့် မိမိတို့ဌာနအလိုက် ဒီဂျစ်တယ်ဆိုင်ရာ အသွင် ကူးပြောင်းခြင်း၊ အချက်အလက်များ စုဆောင်းပြုလုပ်ခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ အချင်းချင်းဖလှယ်ဆောင်ရွက်နိုင်ရန်နှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်သော One-Stop-Service များအဖြစ် ပေါင်းစည်းဆောင်ရွက်ရေးတို့မှာ အဓိကဖြစ်ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ထိုင်း**

## အမှိုက်က CNG ဓာတ်ငွေ့ထုတ်လုပ်ရန် ပိုလန်အစိုးရနှင့်ညှိနှိုင်း

လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံရှိ အမှိုက်ကသဘာဝဓာတ်ငွေ့ (Wave to Bio Gas) ထုတ်လုပ်ရန် ပိုလန်နိုင်ငံအစိုးရနှင့် အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်နေကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဒေါက်တာ အောင်မြင့်မော် ကပြောကြားသည်။ စည်ပင်၏ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်ခန်းမ၌ ယနေ့ (ဇူလိုင် ၁၅) ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ၎င်းက ယင်းသို့ ဖြေကြားခြင်းဖြစ်သည်။ တစ်ရက်လျှင် အမှိုက်တန်ချိန် တစ်ထောင် အသုံးပြုကာ ကာဗွန်ဒိုင်အောက်ဆိုဒ် တစ်ရက်လျှင် ၄၅ တန် ထွက်ရှိမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် တစ်ရက်လျှင် CNG ၁၅၀၀ မီတာကျူ့ထွက်ရှိမည်ဖြစ်ကြောင်း ဒေါက်တာ အောင်မြင့်မော်က ပြောဆိုသည်။ ထို့အပြင် RTS (ကျောက်မီးသွေး၊ စပါးခွံ အစားထိုး လောင်စာ) တစ်ရက်လျှင် တန်ချိန် ၂၃၀ ထွက်ရှိမည်ဖြစ်ကာ လက်ရှိ ယင်းစီမံကိန်း ဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်နေဆဲကာလဖြစ်ကြောင်း ၎င်းကဆိုသည်။



သို့သော်လည်း လုပ်ငန်းစတင်လည်ပတ်မည့်နေ့နှင့် ထွက်ရှိသည့်စွမ်းအင်ကို မည်သည့်နေရာတွင်သုံးစွဲမည်ကို ၎င်းက ပြောကြားခဲ့ခြင်းမရှိချေ။ ထိန်ပင်အမှိုက်ပုံတွင် နေ့စဉ်အမှိုက်တန်ချိန် ၁၅၀၀ ကျော် စွန့်ပစ်လျက်ရှိကာ ပြီးခဲ့သည့် ဧပြီလတွင် အမှိုက်ပုံ မီးလောင်သဖြင့် အမှိုက်သစ်များစွန့်ပစ်ရန် မီးလောင်ပြင်ကို ဒုတ်ကျိုး၊ ကျောက်ခင်းကာ မြေကိုပြန်ညှိ၍ အမှိုက်စုပုံရန် ဆောင်ရွက်နေသည်။

**Source:** https://voicejournalmm.com/archives/19471

## အိန္ဒိယမှ အဝယ်များလာသဖြင့် မတ်ပဲဈေးနှုန်းများမြင့်တက်

အိန္ဒိယမှအဝယ်များလာသဖြင့် တစ်ပတ်အတွင်းမတ်ပဲ တစ်အိတ်လျှင် ခုနစ်သောင်းခန့် ဈေးတက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အကန့်အသတ်ခွင့်ပြုတဲ့စနစ်နဲ့ အိန္ဒိယကဝယ်နေတာ ဒီလကုန်ဆိုရင် သတ်မှတ်ရက်ပြီးပါပြီ။ ဒါပေမဲ့ အိန္ဒိယက ကုမ္ပဏီတချို့က သူတို့အစိုးရရဲ့ အထူးခွင့်ပြုချက်နဲ့ဆက်ပြီး ပဲတွေတင်သွင်းခွင့်ရထားပါတယ်။ အဲဒီကုမ္ပဏီတွေက အခုပဲတွေဝယ်ယူနေတာကြောင့် ပဲဈေးတက်လာတာဖြစ်ပါတယ်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အောက်တိုဘာလ ဒုတိယပတ်အတွင်းက မတ်ပဲတစ်အိတ်လျှင် ကျပ် ၈၄၀၀၀၀ ခန့်ပေါက်ဈေးရှိရာမှ အောက်တိုဘာလ တတိယပတ်အတွင်း မတ်ပဲတစ်အိတ်လျှင် ကျပ်ကိုးသိန်းအထိပေါက်ဈေးရှိလာသည်။ ပဲစင်းငုံဈေးလည်း မြင့်တက်လာပြီး ယခင်အပတ်က ပဲစဉ်းငုံတစ်အိတ်လျှင် ကျပ်ရှစ်သိန်းခန့် ပေါက်ဈေးရှိရာမှ လက်ရှိတွင် ကျပ် ၈၃၀၀၀၀ သိန်းအထိ ပေါက်ဈေးရှိလာသည်။

**Source:** https://myanmar.mmtimes.com/news/129700.html

# မန္တလေးသို့ ခြေဦးလှည့်လာသည့် တရုတ်ဘဏ်




တရုတ်နိုင်ငံဗဟိုဘဏ်က အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကမ္ဘာ့အကြီးဆုံးဘဏ် တစ်ခုဖြစ်သော Industrial and Commercial Bank of China (ICBC) က နောက်ထပ်ခြေလှမ်း အဖြစ် မန္တလေးမြို့သို့ ခြေဦးလှည့်လာခဲ့သည်။ ICBC သည် မြန်မာ နိုင်ငံတွင် ပထမဆုံး လုပ်ပိုင်ခွင့်ရသည့် တရုတ်ဘဏ်ဖြစ်ပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် အဓိကကျသည့် မန္တလေးမြို့သို့ လာရောက်ခြင်းကို ကြိုဆိုရမည်ဟုဆိုသူက မန္တလေးတိုင်းကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဥက္ကဋ္ဌ ဦးကျော်မင်းဖြစ်သည်။ သူတို့ရဲ့ ဈေးကွက်က အရမ်းကြီးတဲ့အခါကျတော့ ဒါစောစောစီးစီး (မြန်မာမှာ) ဈေးကွက် ဦးထားတဲ့သဘော။ ဒါ ကျွန်တော့်အမြင်။ မန္တလေးကလည်း အရေးကြီးလို့ဖြစ်တယ်ဟုဦးကျော်မင်းကဆိုသည်။ တရုတ်ငွေကိုင်၍ ကုန်သွယ်နေရသည့် မြန်မာ ကုန်သည်များအတွက် စိတ်ချရသည့်ကုန်သွယ်မှုလမ်းကြောင်းနှင့်အတူ ပြည်တွင်းလုပ်ငန်းရှင်များအတွက် ငွေချေးပေးမည့် အစီအစဉ်များကိုလည်း ICBC က သယ်ဆောင်လာခဲ့သည်။ အခုနယ်စပ်မှာက တရုတ်ယွမ်ကို တရားဝင်ကိုင်ခွင့် မပေးသေးဘူးဟု မူဆယ်နယ်စပ်ရှိ ကုန်သည်ကြီးတစ်ဦးကဆိုသည်။ သို့သော် ဟွန်ဒီငွေလဲစနစ်ဟုခေါ်သည့် တန်ဖိုးညှိ၍ ငွေချင်းတိုက်ရိုက်လဲလှယ်သည့်လုပ်ငန်းမှာလည်း တရားမဝင်ရှိနေပြီး ယင်းစနစ်ဖြင့်ပင် ရှေးပဝေသဏီကတည်းက ကုန်သွယ်မှုပြုနေကြသောကြောင့် အသားကျနေပြီဟုလည်း ၎င်းကပြောသည်။

အသားကျနေသည်ဟုဆိုသော်လည်း စိတ်ချရသည့်အသားကျခြင်းမျိုးမဟုတ်။ ဟွန်ဒီသမားထံတွင် ငွေမရှိတော့လျှင် ဖြစ်စေ၊ တရုတ်ဘက်မှ ငွေလွှဲများလျှင်ဖြစ်စေ ပိတ်တတ်သဖြင့် ၂၄ နာရီလုံးဝန်ဆောင်မှုရမနေ။ ဟွန်ဒီသမားအကြိုက် ဈေးကွက် ဖြစ်နေသည်ဟုဆိုရမည်။ ယင်းအခက်အခဲကိုလည်း ဖြေရှင်းပြီးသားဖြစ်သကဲ့သို့ တရားဝင်ငွေလွှဲလုပ်ငန်းလည်း ဖြစ်စေရန် တိုက်ရိုက်ငွေလွှဲနိုင်သည့်ဝန်ဆောင်မှုကို မိမိတို့ထံမှရရှိမည်ဟု ICBC ဘဏ်လက်ထောက် မန်နေဂျာ ဦးကျော်သူဝင်းကပြောသည်။ မြန်မာငွေအကောင့်ကနေ နေ့စဉ်ပေါက်နေတဲ့ ဈေးနဲ့ပြောင်းပြီးတော့ တရုတ်ကိုလွှဲပေးတယ်ဟု ၎င်းကဆိုသည်။ ယခင်က မြန်မာ-တရုတ်နယ်စပ်ကုန်သည်ကြီးများအနေနှင့် တရုတ်နိုင်ငံသို့ ငွေလွှဲလိုလျှင် မြန်မာ-စင်ကာပူ-တရုတ်ဟူ၍ အဆင့်ဆင့်သွားရသည့်အပြင် ကျပ်ငွေမှ ဒေါ်လာ၊ ဒေါ်လာမှယွမ်သို့ ပြောင်းလဲရသေးသည်။ ဒေါ်လာကနေ ပြောင်းတော့ လွှဲတဲ့သူတွေအတွက် နစ်ဆင့်နစ်နာတယ်။ အခုတော့တိုက်ရိုက်လွှဲလို့ရပြီ။ ဒေါ်လာကို အားကိုးမယ်ဆိုရင် မြန်မာကုန်သည်တွေအတွက် အရမ်းကိုနစ်နာပါတယ်ဟု ဘဏ်နှင့်ချိတ်ဆက်ဆောင်ရွက်လျှင် ရရှိမည့်အားသာချက်ကို ဦးကျော်သူဝင်းကရှင်းပြသည်။ ထိုမျှမကသေး။ တရုတ်ငွေက အမေရိကန်ဒေါ်လာထက် ပို၍မာ (တည်ငြိမ်) သည့် အကြောင်း ကိုလည်း သာဓကများဖြင့် ရှင်းပြသေးသည်။ ၂၀၁၅ ခုနှစ်နှစ်လယ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၀၈၅ ကျပ် ရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လတွင်မူ တစ်ဒေါ်လာလျှင် ၁၅၃၀ ကျပ်အထိဖြစ်လာကြောင်း၊ တရုတ်ယွမ်မှာမူ ၂၀၁၅ ခုနှစ်တွင် ၁၁၇ ဒသမ ၀၁ ကျပ်ဖြစ်ခဲ့ရာမှ ၂၀၁၉ ခုနှစ်နှစ်လယ်အရောက်တွင်မူ ၂၂၁ ဒသမ ၆၉ ကျပ်ရှိသဖြင့် အတက်အကျပို၍ တည်ငြိမ်ကြောင်း ဦးကျော်သူဝင်းကဆိုသည်။

ယင်းသို့ တရုတ်ဘဏ်တစ်ခုခု ပြည်တွင်း၌ရောက်ရှိပြီး တရားဝင်ငွေလွှဲနိုင်သည့်စနစ် ဖြစ်လာလျှင် မြန်မာ ကုန်သည်များအတွက် ပို၍အကျိုးများမည်ဟု မူဆယ်မြို့ရှိ အရှေ့မြောက်တံခါးအများပိုင်သစ်သီးကုမ္ပဏီ CEO ဦးအောင်ကျော်မိုးကသုံးသပ်သည်။ "လက်ရှိမှာက သူတို့နိုင်ငံဘက်မှာ ရှိတဲ့ဘဏ်မှာ အကောင့်တွေ သွားဖွင့်ထားကြရတော့ ဥပဒေနဲ့မညီလို့ အကောင့်ပိတ်တယ်ဆို ဘာမှပြောလို့မရဘူး။ ကိုယ့်နိုင်ငံထဲမှာဆိုရင်တော့ စိတ်ချရမယ်ဟု ၎င်းကဆိုသည်။ ၂၀၁၆ နှစ်ကုန်ပိုင်းတွင် မူဆယ်ရှိ မြန်မာကုန်သည်အချို့၏ တရုတ်ဘဏ် ငွေစာရင်းပိတ်ခံရသဖြင့် နယ်စပ်ကုန်သွယ်ရေးတွင် ကမောက်ကမဖြစ်ခဲ့ရသေးသည်။ ICBC ၏ နောက်ထပ်ဝန်ဆောင်မှုတစ်ခုမှာ ဘဏ်ချေးငွေဖြစ်သည်။ အရင်းအနှီးချေးငွေ

(Working Capital Loan)၊ စီမံကိန်းချေးငွေ (Project Loan)၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာချေးငွေ (Trade Finance)၊ နိုင်ငံခြားဘဏ်နှင့် ပြည်တွင်းဘဏ်အကျိုးတူဆောင်ရွက်မှုဖြင့် လုပ်ကိုင်မည့် ချေးငွေ (Syndicate Lone) တို့ဖြစ်ကြောင်း စက်တင်ဘာလ ၂၇ ရက်နေ့က မန္တလေးမြို့ရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင်မိတ်ဆက်ခဲ့သည်။ ချေးငွေများကို အမျိုးအစားအလိုက် တစ်နှစ်မှသုံးနှစ်အထိ ကာလသတ်မှတ်ထားပြီး မြန်မာကျပ်ငွေ၊ အမေရိကန်ဒေါ်လာနှစ်သက်ရာဖြင့် ချေးယူနိုင်သော်လည်း အတိုးနှုန်းမှာမတူပေ။ မြန်မာကျပ်ငွေချေးယူပါက တစ်နှစ် ၁၃ ရာခိုင်နှုန်း၊ ဒေါ်လာနှင့်ချေးယူပါက တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းကြား သတ်မှတ်ထားသည်။ ၆ ကနေ ၉ ဆိုတော့ နည်းနည်းများတာပေါ့နော်။ ၆ ဆိုရင်မဆိုးဘူးဟု MRCCI ဥက္ကဋ္ဌဦးကျော်မင်းက သူ့အမြင်ကိုပြောသည်။

လက်ရှိ ပြည်တွင်းဘဏ်များမှာလည်း ငွေချေးပါက အတိုးမှာ တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းပင်ဖြစ်သည်။ ICBC အနေနှင့် ငွေချေးမည့် ကုမ္ပဏီ၏လည်ပတ်မှုနှင့် ချေးယူမည့်အမျိုးအစားအပေါ်မူတည်၍ Syndicate Lone ဆိုပါက အများဆုံးကျပ်သန်း ၁၀၀ (သိန်းတစ်ထောင်) အထိ ချေးယူနိုင်မည်ဖြစ်ပြီး လုပ်ငန်းလည်ပတ်မှုနှင့် အလားအလာအပေါ်မူတည်၍ စဉ်းစားပေးမည်ဟု ဦးကျော်သူဝင်းကပြောသည်။ မြန်မာပြည်မှာ (ICBC ဆီက) ချေးထားတဲ့ ကုမ္ပဏီတွေအများကြီးရှိတယ်။ ဒေါ်လာသန်းချီအများကြီး ချေးထားတာ။ မာတဲ့ကုမ္ပဏီတွေပေါ့ဟု ဦးကျော်မင်းကဆိုသည်။ ICBC ဘဏ်သည် မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ်နှစ်ကုန်ပိုင်းကတည်းက ဝင်ရောက်လာခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်က မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့သော နိုင်ငံခြားဘဏ်ကိုးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံပေါင်း ၄၀ ခန့်တွင် ဘဏ်ခွဲများဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံ မန္တလေးမြို့တွင်လည်း ထပ်မံဖွင့်လှစ်နိုင်ဖွယ်ရှိနေသည်။ လက်ရှိ ပြည်တွင်းဘဏ်များထံ ချေးငွေရယူရာ၌ လုပ်ငန်းအဆင့်ဆင့်၊ စာရွက်စာတမ်းအဖုံဖုံ လိုအပ်သော်လည်း အချို့မှာနားလည်မှုများဖြင့် ကိစ္စပြီးနိုင်သည်လည်းရှိသည်။ ICBC ကမူ နိုင်ငံ တကာစနစ်ကျင့်သုံးသည့် ပြည်ပဘဏ်ဖြစ်၍ ပြည်တွင်းဘဏ်များထက်ပို၍ စနစ်ကျနိုင်မည်ဟု ဦးကျော်မင်းက သုံးသပ်သည်။ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ဖြစ်တဲ့အတွက် ပြည်တွင်းဘဏ်တွေနဲ့ အလုပ်လုပ်နေတဲ့ဟာနဲ့ သူတို့နဲ့တော့ လုံးဝမတူဘူး။ ဒါတော့ သေချာပေါက်ဖြစ်မယ်။ ဒါပေမဲ့ ဗဟိုဘဏ်ရဲ့ ထိန်းချုပ်မှုရှိမယ်ဟု ၎င်းကပြောဆိုသည်။

လုပ်ငန်းရှင်ကုန်သည်တစ်ဦးအနေနှင့်ရှိသမျှ Network များကို ချိတ်ဆက်ထားသင့်ပြီး ဘဏ်များအားလုံးတွင်လည်း အကောင့်များဖွင့်ထားသင့်သည်ဟု ဦးကျော်မင်းက အကြံပြုသည်။"အကောင့်ဖွင့်တာ ငွေလေးနည်းနည်းပဲကုန်တာ။ ကိုယ်က ပွန်းပဲ့ပါမသွားဘူးလေ။ ဒီဘဏ်နဲ့ချိတ်ဆက်ထားပြီး သူတို့ရဲ့ ဝန်ဆောင်မှုကောင်းရင် ကျွန်တော်တို့က ရွှေ့သွားမှာ။ ICBC ဘဏ်က ကောင်းတယ်ပေါ့ဆိုရွှေ့သွားမှာပဲ။ ကမ္ဘောဇက ကိုယ့်ဖောက်သည်ကို မရရအောင်ထိန်းထားမယ်ဆိုရင်လည်း ဖောက်သည်က သူ့ဘာသာသူနေမှာ။ ပြိုင်ဆိုင်မှုက တအားကြီးလာပြီဟု ၎င်းက သုံးစွဲသူနောက်လိုက်ပါရမည့် ဘဏ်များ၏ ဝန်ဆောင်မှုအကြောင်းကိုရှင်းပြသည်။ ရန်ကုန်မြို့တွင်မူ ဘဏ်ခွဲဖွင့်လှစ်ထားပြီးဖြစ်သော်လည်း ကုန်သည်များအကြား အသုံးတွင်ကျယ်သေးဟန်မတူ။ ထို့ကြောင့်ပင် တရုတ်နိုင်ငံသို့ မြန်မာ့ပို့ကုန်များတင်ပို့ရာတွင် ငွေကြေးဆိုင်ရာကိစ္စများ အဆင်ပြေစေရန်အတွက် တရုတ် ICBC နှင့် ချိတ်ဆက်အသုံးပြုကြရန် UMFCCI ဒုဥက္ကဋ္ဌ ဦးရဲမင်းအောင်က စက်တင်ဘာလအတွင်းက တိုက်တွန်းပြောဆိုခဲ့သည်။

တရုတ်နိုင်ငံနှင့် ပို၍ကုန်သွယ်မှုလမ်းကြောင်းပွင့်သည့် မန္တလေးနှင့်အထက် မြန်မာပြည်ရှိလုပ်ငန်းရှင်များကမူ ICBC ကို မည်မျှအထိအသုံးပြုမည်ကိုမူ လတ်တလောမသိနိုင်သေး။ ဗဟိုဘဏ်၏စည်းမျဉ်းအတိုင်း လုပ်ဆောင်ရသဖြင့် ပြည်တွင်းဘဏ်များနှင့် အတိုးနှုန်းကွာခြားမှုမရှိသော်လည်း တရုတ်ငွေများများ သုံးစွဲခွင့်ရလေ တိုင်းပြည်ကောင်းလေဟု MRCCI ဥက္ကဋ္ဌဦးကျော်မင်းက ယူဆသည်။ ဘဏ်တွင်ငွေစာရင်းဖွင့်လှစ်ထားပြီးလုပ်ကိုင်ခြင်းသည် ဟွန်ဒီငွေလဲစနစ်ဖြင့် လုပ်ကိုင်ပုံနှင့် များစွာကွာခြားပြီး ငွေလဲနှုန်းတွင် အနည်းအကျဉ်းကွာဟနိုင်သော်လည်း ပို၍စိတ်ချရကြောင်း ၎င်းကဆိုသည်။ မူဆယ်မြို့တွင် နေထိုင်သည့် ဦးအောင်ကျော်မိုးကမူ ပြည်တွင်းဘဏ်များထက် အတိုးနှုန်းလျော့နည်းလျှင် ICBC ဘဏ်အနေနှင့် ပို၍အလုပ်ဖြစ်နိုင်မည်ဟုသုံးသပ်သည်။ ICBC ၏ စည်းမျဉ်းစည်းကမ်းများသည်လည်း ပြည်တွင်းလုပ်ငန်းရှင်များနှင့် သဟဇာတမဖြစ်နိုင်သောကြောင့် အသားကျနေသည့် ပြည်တွင်းဘဏ်များ၌သာ ငွေချေးရန်

အားသန်ကြလိမ့်မည်ဟု ၎င်းကပြောသည်။ ICBC ဝင်လာတာကောင်းပါတယ်။ ဈေးငွေထက် Trade အတွက် ပိုအဆင်ပြေမယ်လို့ မြင်တယ်ဟု ဦးအောင်ကျော်မိုးကဆိုလေသည်။

**Source:** https://voicejournalmm.com/archives/21877?fbclid=IwAR0taV25JwVRpPKe4DE52j58Vr PWiPvbj I3smBp4AJVjXeErYAv2V1GNRyA

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုလျော့ကျ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုသည် ကာလတူနှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာ ၂၉၅ သန်း ကျော် လျော့ကျလာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရသည်။ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာ ၂၅၄ သန်းကျော် လျော့ကျနေပြီး မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၊သန်းကျော်လျော့ကျနေခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ စက်တင်ဘာလအထိ ကုန်သွယ်မှုပမာဏနှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ကုန်သွယ်မှုပမာဏကို နှိုင်းယှဉ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြုလုပ်လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/129706.html

## ပဲ၊ ဆီထွက်နှင့် စားဖိုဆောင်သီးနှံရှစ်မျိုးကို လာမည့်ဆောင်းရာသီကစ၍ ဈေးငွေထုတ်ချေးပေးတော့မည်




လာမည့် ဆောင်းစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံလေးမျိုး၊ ဆီထွက်သီးနှံနှစ်မျိုးနှင့် စားဖိုဆောင်သီးနှံနှစ်မျိုးတို့ကို ချေးငွေများ စတင်ထုတ်ချေးပေးတော့မည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကထုတ်ပြန်သည်။ ထပ်မံတိုးချဲ့ထုတ်ချေးမည့် ပဲမျိုးစုံလေးမျိုးမှာ ထောပတ်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ စားတော်ပဲတို့ဖြစ်ပြီး ဆီထွက်သီးနှံနှစ်မျိုးမှာ ပန်းနှမ်း၊ နေကြာနှင့် စားဖိုဆောင်သီးနှံနှစ်မျိုးမှာ ကြက်သွန်နီ၊ ငရုတ်စသည့် ပြည်ပပို့ကုန်နှင့် ပြည်တွင်း၌ စားသုံးမှုများပြားသော သီးနှံများကို ဆောင်းစိုက်ပျိုးရာသီ ချေးငွေပေးချိန်ကစတင်ပြီး ထုတ်ချေးသွားမည်ဖြစ်သည်။ ဆောင်းချေးငွေကို ယခင်နှစ်များက အောက်တိုဘာလဆန်းမှ ဒီဇင်ဘာလကုန်အထိ ထုတ်ချေးပေးပြီး နောက်နှစ်ဇွန်လကုန်တွင် နောက်ဆုံးပေးဆပ်ရန်သတ်မှတ်ခဲ့ကာ တောင်သူများချေးငွေပေးဆပ်မှု အဆင်ပြေစေရန် ယခုနှစ်တွင်ပေးဆပ်ရန် နောက်ဆုံးရက်ကို စက်တင်ဘာ ၁၅ရက်အထိ ထပ်တိုးသတ်မှတ်ပေးထားကြောင်းသိရသည်။ ထို့ကြောင့် တောင်သူများ ချေးငွေအဆိုပြုလွှာများကို အချိန်မီတင်ပြနိုင်ရေးအတွက် မိမိတို့ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာမြို့နယ် ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အသိပေးနှိုးဆော်ထားသည်။ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည့်ကာလနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလများမှာ ဆောင်းချေးငွေကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိဖြစ်ပြီး ပြန်ဆပ်ရမည့်ကာလမှာ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထားဆပ်ရမည်ဟုသိရသည်။

မိုးကြိုချေးငွေကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလဆန်းမှ မတ်လကုန်အထိဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် နောက်ဆုံးထား၍ ပြန်ဆပ်ရမည်ဟုသိရသည်။ ထို့ပြင် မိုးချေးငွေကို ၂၀၂၀ ပြည့်နှစ် မေလဆန်းမှစက်တင်ဘာလကုန်အထိဖြစ်ပြီး ၂၀၂၁ ခုနှစ် ဧပြီ ၁၅ ရက် နောက်ဆုံးထား၍ ပြန်ဆပ်ရမည်ဟုသိရသည်။ ယခုအခါသီးနှံအမျိုးအစားအလိုက် စပါးတစ်ဧကေ ကျပ် ၁၅၀၀၀၀ နှုန်း၊ အခြား သီးနှံများနှင့် ချက်ကြံကိုတစ်ဧကေ တစ်သိန်းနှုန်းဖြင့် တောင်သူတစ်ဦးချင်း ၎င်းတို့

ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) မူရင်းကို ဘဏ်တွင်အပ်နှံပြီး တောင်သူတစ်ဦးချင်းစီ ကိုယ်တိုင်အာမခံသောစနစ်ဖြင့် ချေးငွေများရယူနိုင်ကြောင်းသိရသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စပါးချေးငွေနှုန်းထားကို တစ်ဧကကျပ်တစ်သိန်းမှ ကျပ်တစ်သိန်းငါးသောင်းသို့၊ အခြားသီးနှံကို ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကျပ်နှစ်သောင်းမှ ကျပ်ငါးသောင်းသို့၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းသို့ အသီးသီးတိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ စပါးအပြင်တခြားသီးနှံတွေကိုပါ ချေးငွေတိုးချဲ့ထုတ်ချေးလာတဲ့အတွက် ဝမ်းသာပါတယ်။ အဘတို့ရဲ့ ကွဲကောသီးနှံလို နှစ်ရှည်သီးနှံအမည်တွေအတွက်တော့ ချေးငွေမရသေးဘူး။ နှစ်ရှည်သီးနှံတွေကလည်း ရင်းနှီးမြှုပ်နှံမှုကြီးမားတယ်။ လာမယ့်နှစ်တွေမှာနှစ်ရှည်သီးနှံတွေအတွက်လည်း တခြားသီးနှံတွေနည်းတူ အခွင့်အရေးရစေချင်ပါတယ်ဟု ကွဲကောစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ဦးဝင်းရွှေကပြောသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2519771361470368?__tn__=K-R

## တရုတ်နိုင်ငံသို့ ဆန်ကွဲတင်ပို့နိုင်ရေး စာချုပ်ချုပ်ဆိုမည်

တရုတ်နိုင်ငံသို့ ဆန်ကွဲတင်ပို့ခွင့် သဘောတူစာချုပ်ကို အမြန်ဆုံးချုပ်ဆိုနိုင်ရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ဆန်ကွဲကို ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကနေ တရားဝင်ပို့နိုင်ဖို့ တောင်းဆိုထားတာရှိတယ်။ အရင်က ပင်လယ်ရေကြောင်းကနေကိုတာနဲ့ ဆန်တန်ချိန်တစ်သိန်း တင်ပို့ခွင့်ထဲမှာ ဆန်ကွဲမပါဝင်လို့ အခုကျွန်တော်တို့ဘက်က ထပ်မံတောင်းဆိုခဲ့လို့ဖြစ်တယ်။ တရုတ်ရဲ့မူဝါဒအရ ဆန်ကွဲကို ကိုတာစနစ်မထားပဲ လွတ်လွတ်လပ်လပ် တင်ပို့ခွင့်ပေးထားတာဖြစ်တယ်ဟု ဦးခင်မောင်လွင်ကပြောသည်။

တရုတ်နိုင်ငံသို့ ဆန်ကွဲတင်ပို့နိုင်ပါက တရုတ်အစိုးရမှ သတ်မှတ်ထားသည့် အခွန် ၁၅ ရာခိုင်နှုန်းကို ပေး ဆောင်ကာတင်ပို့ရမည်ဖြစ်ကြောင်းသိရသည်။ ဆန်ကွဲကို တရုတ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅ နိုင်ငံခန့်ကို အများဆုံး တင်ပို့နေတာဖြစ်တယ်။ ဆန်ကွဲက ဈေးကွက်ကရှိပြီးသားဖြစ်တယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ လက်ရှိတွင် မြန်မာ့နိုင်ငံမှဆန်ကွဲကို နိုင်ငံပေါင်း ၄၁ နိုင်ငံသို့တင်ပို့နေပြီး၊ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ တရုတ်၊ နယ်သာလန်နှင့် ယူကေနိုင်ငံများသို့ တန်ချိန်ငါးသိန်းခန့်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ရရှိထားကြောင်းသိရသည်။ ထို့ပြင် ဆန်ကွဲကို အီးယူနှင့်အာဖရိကနိုင်ငံများသို့လည်း တင်ပို့နေကြောင်းသိရသည်။ လက်ရှိ ဈေးကွက်အတွင်း ဆန်ကွဲအမျိုးအစားများဖြစ်သည့် ဘီ ၂၊ ၃ နှင့် ၄ (၁၀၈) ပေါင်ရှိ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀ ကျပ်မှ ၁၄၆၀၀ ကျပ်၊ ဘီ ၁၊ ၂ တစ်အိတ်လျှင် ၁၅၂၀၀ ကျပ်မှ ၁၅၇၀၀ ကျပ်ကြား၊ ဘီ ၁ (အသန့်) တစ်အိတ်လျှင် ၁၇၀၀၀ ကျပ်အထိရှိနေကြောင်းသိရသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2725395664214375?__tn__=K-R

## ချင်း(ဂျင်း) အသစ်များ စတင်ဝင်ရောက်နေသော်လည်း အစိုဓာတ်များနေသေး၍ အရောင်းအဝယ်နည်းပါး

လက်ရှိအောင်ပန်းဈေးကွက်၌ ချင်း(ဂျင်း) အသစ်များစတင်ဝင်ရောက်နေသော်လည်း အစိုဓာတ်များနေသေး၍ အရောင်းအဝယ်နည်းပါးနေကြောင်း ကုန်သည်များထံမှသိရသည်။ စက်တင်ဘာလလယ်ကနေ စတင်ဝင်ရောက်နေပါတယ်။ အရင်နှစ်ကထက် ၁၀ ရက် ပိုစောပြီး ဝင်လာတော့ အစိုဓာတ်များနေသေးတာပါ။ ဒါကြောင့် နောက်တစ်လကျော်လောက်မှာဝင်လာမယ့် ချင်းတက်ကိုပါ ပြည်ပပို့နိုင်မှာဖြစ်တယ်။ အခုတော့ ပြည်တွင်းသုံးအတွက် အောင်ပန်းဈေးကွက်ကို ချင်းပိဿာချိန် ၅ သိန်း လောက် အရောင်းအဝယ်ဖြစ်နေပါတယ်ဟု အောင်ပန်းရှိ ချင်း၊ နနွင်းကုန်သည် ဦးစိုင်းခင်မောင်ကပြောသည်။ အောင်ပန်းနှင့် တောင်ကြီးဈေးကွက်အတွင်း ချင်းအသစ်တစ်ပိဿာလျှင် ၇၀၀ ကျပ်မှ ၉၀၀ ကျပ်ကြား၊ အခြောက်တစ်ပိဿာလျှင် ၁၈၀၀ ကျပ်မှ ၂၂၀၀ ကျပ်ကြား ရှိနေကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ချင်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) တွင်အများဆုံး စိုက်ပျိုးသည်။ ချင်း(ဂျင်း) အများဆုံး စိုက်ပျိုးသော မြို့နယ်မှာ ပင်လောင်း၊ အောင်ပန်းနှင့် ကလောမြို့နယ်တို့ဖြစ်ပြီး

ဟဲဟိုး၊ ညာင်ရွှေ၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်း၊ ဟိုပုံး၊ တောင်ကြီးနှင့် ဖယ်ခုံတို့တွင် အနည်းငယ် စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။ ကလောနဲ့ပင်လောင်းဒေသကထွက်တဲ့ချင်းကို ရန်ကုန်၊ မန္တလေးနဲ့မကွေးဈေးကွက်မှာရှိတဲ့ ဒိုင်တွေ၊ ပွဲရုံတွေကို အများဆုံး ဖြန့်ဖြူးရောင်းချတယ်။ သူတို့ကနေတစ်ဆင့် ပြည်တွင်းက ပြန်လည်ဖြန့်ဖြူးရောင်းချကြတယ်။ အခုလောလော ဆယ်တော့ အစိုခတ်များနေသေးလို့ ဈေးကသိပ်မကောင်းသေးဘူးဟု အောင်ပန်းရှိ စားဖိုဆောင်သီးနှံကုန်သည် ဦးအောင်ဇေကပြောသည်။

မြန်မာနိုင်ငံ၏ ချင်း(ဂျင်း) စိုက်ပျိုးဧက ၁၇၈၀၀ ခန့် တန်ချိန် ၇၁၁၀၀ ခန့် ထွက်ရှိသလို ပြည်တွင်းသုံးစွဲမှုတန်ချိန်မှာ ၅၀၀၀၀ ကျော်ရှိကြောင်း၊ ထို့ကြောင့် ပိုလျှံတန်ချိန် ၂၀၀၀၀ ကျော်ကို ပြည်ပသို့တင်ပို့နေကြောင်းသိရသည်။ လက်ရှိ ပြည်ပ ဝယ်လက်ဈေးကွက်များလည်း ပုံမှန်ရှိနေပြီး ဈေးကောင်းရရှိနေသည့် ပို့ကုန်အမယ်ဖြစ်သည့်အတွက် ပိုမိုတိုးချဲ့စိုက်ပျိုး ထုတ်လုပ်သင့်ကြောင်း ကုန်သည်များကဆိုသည်။ ရှမ်းပြည်တောင်ပိုင်းထွက် တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသအလိုက် အရည်အသွေးအနည်းငယ်ကွာခြားပြီး အောင်ပန်းနှင့်ကလောဒေသမှထွက်ရှိသော ချင်း (ဂျင်း) သည် ကျစ်၍အသားမာပြီးအနံ့ ပိုပြင်းကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2500289156723232?__tn__=K-R

## ရေချိုမွေးမြူရေးငါး ဆော်ဒီကိုပြန်လည်တင်ပို့နိုင်ရေး နှစ်နိုင်ငံညှိနှိုင်းနေဆဲ



မြန်မာနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်က ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ငါးသိန်းကျော်တင်ပို့ခဲ့ပြီး ဝင်ငွေအနေနဲ့ အမေရိကန် ဒေါ်လာသန်း ၇၀၀ ကျော်ရရှိခဲ့ပါတယ်။ မွေးမြူရေး ရေချိုငါးများ ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ ပြန်လည် တင်ပို့နိုင်ရေး နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်နေဆဲ ဖြစ်တယ်လို့ ငါးလုပ်ငန်းဦးစီးဌာနက သိရပါတယ်။ ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ မွေးမြူရေး ရေချိုငါးများ ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ ဆက်လက်တင်ပို့ခွင့် ရရှိရေးအတွက် ဆော်ဒီအာရေးဘီးယားနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး အာဏာပိုင်အဖွဲ့ (SFDA)နဲ့ ညှိနှိုင်းဆောင်ရွက်နေတာပါ။ ဒါ့အပြင် မြန်မာနိုင်ငံရှိ အအေးခန်းစက်ရုံတွေနဲ့ မွေးမြူရေးကန်တွေကို SFDA ရဲ့ စံသတ်မှတ်ချက်တွေနဲ့အညီ စစ်ဆေးခံနိုင်ဖို့ အတွက် ဆော်ဒီအာရေးဘီးယားနိုင်ငံကို တင်ပို့ခွင့် ရရှိထားတဲ့ စက်ရုံ ၂၅ ရုံနဲ့ ဒီစက်ရုံတွေကနေ ကုန်ကြမ်းအဖြစ်ရယူတဲ့ ငါးမွေးမြူရေး ကန်တွေအနေနဲ့ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ SFDA ရဲ့ လိုအပ်ချက်တွေနဲ့အညီ အစစ်ဆေးခံနိုင်ဖို့လည်း လုပ်ငန်းရှင်တွေနဲ့ ညှိနှိုင်းဆောင် ရွက်နေတယ်လို့ သိရပါတယ်။

ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက လောလောဆယ် သူတို့ဆီက တောင်းဆိုတဲ့အချက်တွေ ကျွန်တော်တို့ဆီက ပြန်ပို့ထားတယ်၊ ငါးလုပ်ငန်းဌာနတင် မဟုတ်ဘူး၊ မွေးကုကလဲပါတယ်၊ စိုက်ပျိုးရေးကလဲပါတယ်၊ အချက်အလက်တွေ အားလုံးစုပြီးတော့ သူတို့ဆီပို့ထားတယ်၊ သူတို့က ဒါတွေကိုကြည့်ပြီးတော့ ထပ်တောင်းတာတွေလဲ ရှိကောင်းရှိနိုင်တယ်၊ပြီးတော့ သူတို့ဆီကအဖွဲ့ကလာစစ်လိမ့်မယ်၊ အစစ်ခံပြီးမှ ပို့ရမယ့် သဘောပေါ့”လို့ ပြောပါတယ်။

သန့်ရှင်းမှု ဆိုင်ရာ သတ်မှတ်ချက်တွေနဲ့ မညီညွတ်တာကြောင့် မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံတို့က ငါးတင်သွင်းမှုကို ဆော်ဒီအာရေးဘီးယားနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့နှစ် မေလ ၁ ရက်နေ့ကစပြီး ရပ်ဆိုင်းခဲ့ကာ လက်ရှိ အချိန်အထိ ပြန်ဖွင့်ပေးခြင်း မရှိသေးတာဖြစ်ပါတယ်။ ဒီအတွက် မြန်မာနိုင်ငံအနေနဲ့ ဆော်ဒီနိုင်ငံ ကို ပြန်လည်တင်ပို့ခွင့် ရရှိဖို့အတွက် ပြီးခဲ့တဲ့နှစ်ကတည်းက ကြိုးစားဆောင်ရွက်နေခဲ့တာဖြစ်ပါတယ်။ ဦးမြင့်ဇင်ထူးက ဆော်ဒီကို တင်ပို့တဲ့ တန်ချိန်ကနည်းလို့ ရေထွက်ကုန်တင်ပို့မှုမှာ အများကြီး သိသိသာသာထိခိုက်တာတော့ မရှိပါ ဘူးလို့ ပြောပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံကထွက်ရှိတဲ့ မွေးမြူရေး ငါး၊ ပုစွန်တွေကို အီးယူဈေးကွက်ဆီ တင်ပို့ခွင့်ရရှိရေးအတွက် အမျိုးသားအဆင့် ခာတ်ကြွင်းထိန်းချုပ်မှု အစီအမံ (NRMP) ကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင် အကောင်အထည်ဖော်ခဲ့ရာ

မွေးမြူရေးငါးတွေဖြစ်တဲ့ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးခေါင်းပွ၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးတန်၊ တီလားပီးယား၊ ရေချိုပုစွန်နဲ့ ကဏန်းပျော့တွေကို ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်ကာ အီးယူ ဈေးကွက်ကို တင်ပို့ခွင့်ရရှိခဲ့ပြီး NRMP Plan မှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့ စက်ရုံ ၁၇ ရုံမှ မွေးမြူရေး ရေထွက်ကုန်တွေကို တင်ပို့ခွင့်ရရှိနေပြီ ဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ ငါးလုပ်ငန်းဦးစီးဌာန အနေနဲ့ တန်ဖိုးမြင့် ရေထွက်ကုန်ပစ္စည်းတွေ ပြည်ပတင်ပို့တာနဲ့ နိုင်ငံခြားငွေ ပိုမိုရရှိစေရေး ဆောင်ရွက်လျက်ရှိရာ လက်ရှိမှာ စက် ရုံခုနစ်ရုံမှ တန်ဖိုးမြင့် ရေထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ပုစွန် ပေါင်မုန့်ကပ်၊ ပုစွန်ကော်ပြန့်၊ ပုစွန်မုန့်နှစ်ကပ်၊ ပုစွန်တန်ပူရာ၊ ကဏန်းအသားချောင်းအတု၊ ဆူရှီစတာတွေကို ထုတ်လုပ်ကာ အီးယူ၊ ဂျပန်၊ ဩစတြေးလျား စတဲ့နိုင်ငံတွေကို တင်ပို့လျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ အီးယူနိုင်ငံတွေကို တင်ပို့ခွင့်ရရှိရေးအတွက် ၂၀၀၉ ခုနှစ်မှ စကာ အီးယူရဲ့ ပံ့ပိုးကူညီမှုနဲ့ ဆောင်ရွက်ခဲ့ရာ လက်ရှိကာလအထိ ငါး၊ ပုစွန်ပြုပြင်စက်ရုံ ၂၅ ရုံမှ ထုတ်လုပ်တဲ့ သဘာဝမှရရှိတဲ့ ရေထွက်ပစ္စည်းတွေကို တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။ လက်ခစား အပ်ကုန်စနစ်နဲ့လုပ်ငန်းလုပ်ကိုင်ဖို့ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ခွင့်ပြုမိန့် ရရှိထားတဲ့ စက်ရုံ ၂၄ ရုံ အနက် လက်ရှိမှာ စက်ရုံခုနစ်ရုံမှ လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး အာဂျင်တီးနား၊ မလေးရှား၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ကိုရီးယား၊ မက္ကဆီကိုစတဲ့ နိုင်ငံတွေမှ ကုန်ကြမ်း တင်သွင်းကာ လက်ခစား အပ်ကုန်စနစ်နဲ့ ပြုပြင်ထုတ်လုပ်ပြီး မလေးရှား၊ ဆော်ဒီအာရေးဘီးယား၊ ဂျပန်၊ ကနေဒါ ၊ ကိုရီးယား ၊ဟောင်ကောင် စတဲ့ နိုင်ငံတွေကို တင်ပို့လျက်ရှိတယ်လို့လည်း သိရပါတယ်။

မြန်မာနိုင်ငံ အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်က ပြည်ပသို့ ရေထွက်ကုန် တန်ချိန် ငါးသိန်းကျော် တင်ပို့ ခဲ့ပြီး ဝင်ငွေ အနေနဲ့ အမေရိကန် ဒေါ်လာ သန်း ၇၀၀ ကျော် ရရှိခဲ့ပါတယ်။

**Source:** https://www.kumudranews.com/news-

.

## ဘင်္ဂလားဒေ့ရှ်အဝယ်ပြန်လိုက်၊ ကြက်သွန်နီဈေးတက်



ကြက်သွန်နီတွေ ဘင်္ဂလားဒေ့ရှ်ဘက်က အဝယ်ပြန်လိုက်လာတဲ့အတွက် ဈေးတက်နေပြီး ကြက်သွန်တွေ ပစ္စည်းပါးလာတာကြောင့် ဈေးဆက်တက်ဦးမယ်လို့ ပျော်ဘွယ်မြို့နယ်က တောင်သူ ဦးအေးဆွေက ပြောပါတယ်။ ဦးအေးဆွေက ဘင်္ဂလားဒေ့ရှ်တွေက လိုအပ်ချက်ရှိနေတယ်၊ ဈေးကဆက်တက်ဦးမယ်၊ အခြေခံဈေးက ၁၂၀၀ ကနေ ၁၅၀၀ ဖြစ်လိမ့်မယ်၊ ဘာလို့ဆို ကြက်သွန်က ပါးသွားပြီ၊ လျော့သွားပြီလို့ပြောပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က ဘင်္ဂလားဒေ့ရှ်ဘက်က အဝယ်ရပ်ထားလို့ ဈေးငြိမ်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ် အဝယ်လိုက်လာတာကြောင့် အရင်မှန်းထားတဲ့အခြေခံဈေးကို ရောက်လိမ့်မယ်လို့ ကြက်သွန်တောင်သူတွေက မှန်းထားတယ်လို့သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးထွက် မုံရွာစ အစကောင်းတာဆိုရင် RC တစ်ပိဿာကို ကျပ် ၈၀၀၊ ဥကြီး တစ်ပိဿာကို ကျပ် ၁၂၀၀၊ ကျပ် ၁၃၀၀ နဲ့ ထူးရှယ်တစ်ပိဿာကို ကျပ် ၁၄၀၀ ရှိပါတယ်။ မုံရွာစတွေဟာလည်း ဒီတစ်ပတ်မှာ ဆိုက်ခဲ့ကောင်းတယ်လို့ သိရပါတယ်။ ဆိပ်ဖြူစတွေကတော့ ကြက်သွန်နီ RC တစ်ပိဿာကို ကျပ် ၇၅၀၊ ဥကြီး တစ်ပိဿာကို ကျပ် ၁၁၅၀ ၊ ရှယ်တစ်ပိဿာကို ကျပ် ၁၂၅၀ နဲ့ ထူးရှယ်တစ်ပိဿာကို ကျပ် ၁၃၅၀ ရှိပါတယ်။ အရင်တစ်ပတ်ထက် တစ်ပိဿာကို ကျပ် ၅၀၊ ၁၀၀ လောက် တက်သွားတာဖြစ်ပါတယ်။ ပခုက္ကူစတွေကတော့ တစ်ပိဿာကို ကျပ် ၇၀၀ ကနေ ကျပ် ၁၀၅၀ အတွင်း ဈေးဖွင့်တယ်လို့ သိရပါတယ်။ သည်ရက်တွေအတွင်းမှာ ပခုက္ကူစတွေက ဈေးအေးနေတာဖြစ်ပါတယ်။ ပျော်ဘွယ်စတွေကတော့ ကြက်သွန်နီ RC တစ်ပိဿာကို ကျပ် ၈၀၀၊ ဥကြီး တစ်ပိဿာကို ကျပ် ၁၂၀၀၊ ရှယ်တစ်ပိဿာကို ကျပ် ၁၃၀၀ နဲ့ ထူးရှယ်တစ်ပိဿာကို ကျပ် ၁၄၀၀ ရှိပါတယ်။ ဦးအေးဆွေက

ဈေးက မကျနိုင်တော့ဘူး၊ ဆက်တက်လိမ့်မယ်၊ လတ်တလောအတွင်းပေါ့နော်၊ ဒီ ၁၀ လပိုင်းအတွင်းကို တက်လိမ့်မယ်လို့ ပြောပါတယ်။

ဒီတစ်ပတ်မှာတော့ တရုတ်ကြက်သွန်ဝင်လာပြီး တရုတ်ကြက်သွန်ကတော့ တစ်ပိဿာကို ကျပ် ၆၀၀ နဲ့ ကျပ် ၈၀၀ ကြားရောင်းတယ်လို့သိရပါတယ်။ အလုံးသေးတစ်ပိဿာကို ကျပ် ၈၀၀၊ အလုံးကြီးတွေကတော့ တစ်ပိဿာကို ကျပ် ၆၀၀ ရှိပြီး ဒီတရုတ်ကြက်သွန်တွေဟာ အလုံးကြီးတာနဲ့အမျှ ဈေးနည်းသွားတာဖြစ်ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်ကို တရုတ်ဘက်က တွဲကားတစ်စီးအပါအဝင် ကားအစီးရေ ၂၃ စီး ဝင်တယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-35553

## မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းများ ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုငါးဆကျော်လျော့ကျ

မြန်မာ––ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရှစ်လအတွင်း ဒေါ်လာ ၁၃ သန်းကျော်ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ ငါးဆကျော်လျော့ကျခဲ့ကြောင်းသိရသည်။ ဇန်နဝါရီလမှဩဂုတ်လအထိ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏အောက်တိုဘာ ၁၂ ရက်တွင် ထုတ်ပြန်သည့် ပြည်သူသို့အစီရင်ခံစာ၌ ယင်းသို့ ဖော်ပြထားခြင်းဖြစ်သည်။ ယခင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၈ ခုနှစ် ဩဂုတ် ၉ ရက်အထိ စစ်တွေ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၂၈၄ သန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၉၁ သန်း စုစုပေါင်း ၆၉ ဒသမ၀ ၇၅ သန်း ဘင်္ဂလားဒေ့ရှ်သို့ ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်အထိ ကာလတူ တွင် စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ် လာ ၇ ဒသမ ၀၆၃ သန်းနှင့်မောင်တော ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၂၆ သန်း စုစုပေါင်း ၁၃ ဒသမ ၀၈၉ သန်းသာ ဘင်္ဂလားဒေ့ရှ်သို့ ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့သည်။ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ယင်းသို့ ကုန်သွယ်မှုများလျော့ကျ သွားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် စစ်တွေမြို့၌ သဇင်ကုန်သွယ်မှုဗဟိုဌာနတည်ဆောက်ခြင်းလုပ်ငန်းအတွက် Western Wave ကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆိုတည်ဆောက်ခဲ့ရာ လက်ရှိတွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ မကြာမီ ကုန်သွယ်မှုများ ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

**Source:** https://myanmar.mmtimes.com/news/129664.html

## တရုတ်နိုင်ငံမှ ပန်းသီးနှင့် လိမ္မော်သီးများ မြန်မာသို့တင်သွင်းမည်



မြန်မာနိုင်ငံ သစ်သီးဝလံ၊ပန်းမန်းနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းနှင့် တရုတ်နိုင်ငံမှ သစ်သီးဝလံအသင်းတို့ကြား နှစ်နိုင်ငံသစ်သီးတင်ပို့ရောင်းချခွင့် MOUရေးထိုးခြင်းအားပြီးခဲ့သည့် စက်တင်ဘာလအတွင်း ပြုလုပ်ခဲ့ပါတယ်။ ဒီစာချုပ်အရ မြန်မာနိုင်ငံသို့ ပန်းသီးနှင့်လိမ္မော်သီးများတင်ပို့မှုကို မကြာခင်စတင်တော့မှာဖြစ်ပါတယ်။ ယခုချုပ်ဆိုခဲ့သော စာချုပ်တွင် မြန်မာနိုင်ငံမှ သရက်သီး၊ ဖရဲသီး၊ နာနတ်သီး ၊ ထောပတ်သီးနှင့်သခွားမွှေးတို့ကို တရားဝင်တင်သွင်းခွင့်ရရှိမှာဖြစ်ပြီး တရုတ်ဘက်မှ ပန်းသီးနှင့်လိမ္မော်သီးများကို ပြန်လည်တင်ပို့မှာဖြစ်ပါတယ်။

ဒါ့အပြင် သစ်သီးတင်ပို့ရာတွင် ပုံမှန်ပို့နေကြ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအပြင် ရေကြောင်းနှင့်လေကြောင်းကပါ တင်ပို့နိုင်ရန်အချက်များကို ထည့်သွင်းရေးဆွဲထားပြီး ဒီလိုရေးဆွဲထားတာကြောင့် နိုင်ငံတကာကုန်သွယ်မှုပုံစံနှင့် ပိုမိုအကျွမ်းဝင်လာပြီး သစ်သီးများဈေးပိုကောင်းလာနိုင်တယ်လို့သိရပါတယ်။ မြန်မာနိုင်ငံအနေနှင့် နှစ်စဉ် ဒေါ်လာသန်း ၁၅၀

ခန့်အား တရုတ်သို့သစ်သီးတင်ပို့မှုမှရရှိနေပြီး ဖရဲသီးတင်ပို့မှုဟာ နှစ်စဉ်တန်ချိန် ၉ သိန်းခန့် အထိရှိတယ်လို့ သစ်သီးဝလံ အသင်းရဲ့ ကုန်သွယ်မှုအချက်လက်များအရသိရပါတယ်။

**Source: Myanmar Business today**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2404-from-orange-and-apple-to-export-myanmar.html

## တရုတ်သကြား မှောင်ခိုနှိပ်ကွပ်မှုကြောင့် အာရှသကြားပိုလျှံနေမည်

နိုင်ငံတကာ သကြားအဖွဲ့ (ISO- International Sugar Organization) ၏ တွက်ချက်ခန့်မှန်းချက်များအရ တရုတ်နိုင်ငံ အစိုးရက သကြားတရားမဝင်တင်သွင်းခြင်းအပေါ် နှိပ်ကွပ်အရေးယူမှုများကြောင့် တရုတ်နိုင်ငံမှဝယ်လိုအား သကြား တန်ချိန် ၅ သန်း ဝန်းကျင်သည် ၂၀၁၉-၂၀၂၀ ကြံရာသီတွင် ပိုလျှံနေမည်။ ထိုသို့ပိုလျှံနေသောသကြားများ ထားသိုရန် သိုလှောင်ရုံများ အလုံအလောက်မရှိသည့်ပြဿနာကို ကြုံကြရမည်ဖြစ်သည်။ တရုတ်နိုင်ငံအတွင်းသို့ တရားမဝင် မှောင်ခို တင်သွင်းသည့် သကြားအများစု၏ မူရင်းနိုင်ငံများမှာ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့ဖြစ်ပြီး အဆိုပါသကြားများကို မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ နယ်ခြားဖြတ်ကျော်ကာတင်သွင်းသည်။ ပြီးခဲ့သည့်နှစ်တုန်းက မှောင်ခို တင်သွင်းသည့် သကြားပမာဏသည် တန်ချိန် ၁ ဒသမ ၅ သန်းမှ ၂ ဒသမ ၈ သန်းအထိ ရှိမည်ဟု ခန့်မှန်းထားပြီး ယခုနှစ် တွင် တရုတ်အစိုးရ၏ အရေးယူမှုများကြောင့် တန်ချိန် ၈ သိန်း ဝန်းကျင်သာရှိမည်ဟု ဈေးကွက်ကျွမ်းကျင်သူတို့က ခန့်မှန်း ထားသည်။

တရုတ်နိုင်ငံတွင် ပြည်ပမှ သကြားတင်သွင်းသည့်အပေါ် အကောက်ခွန် တိုးမြှင့် ကောက်ခံခြင်းနှင့်အတူ သကြား သွင်းကုန်လိုင်စင် လျှောက်ထားခြင်း စံချိန်တင်လျော့ကျသွားခဲ့သဖြင့် အစိုးရမှတရားမဝင်တင်သွင်းခြင်းများကို အရေးယူ ဆောင်ရွက်ခဲ့သည်။ သကြားသွင်းကုန်အပေါ် အကောက်ခွန်နှုန်းထား မြင့်မားစွာသတ်မှတ်ပေးထားခြင်းသည် ပြည်တွင်း သကြားလုပ်ငန်းများကို ကာကွယ်ပေးရန်အတွက် ဖြစ်သည်။ သို့သော်ယခုလို အရေးယူဆောင်ရွက်သည့်အတွက် ပြည်တွင်း သကြားဈေးနှုန်း မြင့်တက်နေစေသည်မှာ အမှန်ပင်ဖြစ်သည်။ ယခင်နှစ်ကထက် ဈေးနှုန်း ၂၀ ရာခိုင်နှုန်း မြင့်တက် သွားသည်။ တရုတ်အစိုးရသည် ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းမည်ဖြစ်ပြီး မလုံလောက်သည့်ပမာဏများကို ပြည်ပမှတင်သွင်းမည်ဖြစ်သည်။ ထို့အတွက် ခွဲတမ်းသတ်မှတ်ချက် ပြဋ္ဌာန်းထားမည်ဖြစ်ပြီး ခွဲတမ်းပြင်ပ တင်သွင်းမှုများအပေါ် အကောက်ခွန်အပိုဆောင်းပြီး စည်းကြပ်မည်ဖြစ်သည်။ ယခုလို ပိတ်ပင်တားဆီး လိုက်ခြင်းသည် အာရှသကြားအပေါ် ဘူးလေးရာ ဖရုံဆင့်ခြင်းဖြစ်သွားရသည်။ ကမ္ဘာ့သကြား ထုတ်လုပ်မှုသည် ဝယ်လိုအားထက် ပိုများနေခဲ့သည်မှာ ၂ နှစ် ဆက်တိုက် ရှိနေပြီ ဖြစ်သ ည်။ နိုင်ငံတကာ သကြားအဖွဲ့၏ အဆိုအရ ယခုနှစ်တွင် သကြားတန်ချိန် ၉၅ သန်း ပိုလျှံနေသည်။ ယင်းပမာဏသည် အာရှ သကြားသုံးစွဲမှု ၆လ စာနှင့်ညီမျှသည်။

သကြားပြည်ပတင်ပို့မှုပမာဏတွင် ကမ္ဘာ့ဒုတိယနေရာတွင်ရှိနေသည့် ထိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ လကုန်၌ တန်ချိန် ၇ သန်း နီးပါး သိုလှောင်ရုံများတွင် ကျန်ရှိနေသည်။ နှစ်ကုန်တွင် သကြားအသစ်မပေါ်ခင် ရောင်းကုန်ဖို့ အရေးတကြီးဖြစ်နေစေသည်။ ယခင်နှစ်ကထက် တန်ချိန် ၁ ဒသမ ၁ သန်း ပိုများနေခြင်း ဖြစ်သည်ဟုသိရသည်။ အာရှမှ ပိုလျှံနေသည့် သကြားများကို အာရှနိုင်ငံများက သုံးစွဲပေးနိုင်ရန် သကြားဈေးနှုန်း ကျဆင်းပေးရမည်ဟု ခန့်မှန်းထား ကြသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2405-chinese-sugar.html

# STOCK EXCHANGE (17.10.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 17th Oct. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 12,000 | 12,000 | 11,500 | 1,686 | 19,594,000 | 27,112,747 | 311,797 |
| MTSH | 00002 | 4,000 | -100 | -2.44% | 4,000 | 4,000 | 3,950 | 10,038 | 40,117,000 | 38,929,150 | 155,717 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 14 | 117,600 | 10,400,986 | 87,368 |
| FPB | 00004 | 24,000 | +500 | +2.13% | 24,000 | 24,000 | 24,000 | 570 | 13,680,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 1,510 | 4,530,000 | 12,823,224 | 38,470 |

## Market summary

As of 17th Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 476.65 | -11.08 | -2.27% | 486.55 | 486.55 | 475.23 | 13,818 | 78,038,600 | 5 | 652,681 |

### Index chart




## Market Overview

As of 1:00 pm, 17th Oct. 2019

| MYANPIX-1 | 476.65 ▼ 11.08 |
|---|---|
| Total Volume (shares) | 13,818 |
| Total Value (MMK) | 78 mil |
| Listed Company | 5 |
| Market Cap. (MMK) | 652,681 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 4,000 | ▼ 100 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 24,000 | ▲ 500 |
| TMH | 00005 | 3,000 | ▲ 0 |